ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
နေပြည်တော်စည်ပင်သာယာရေးကော်မတီ
အမိန့်ကြော်ငြာစာအမှတ်(၁၆ /၂၀၂၃)
၁၃၈၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၅ ရက်
(၂၀၂၃ ခုနှစ် ဇူလိုင် လ ၇ ရက်)

နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၃၈၊ ပုဒ်မခွဲ(ခ)အရ အောက်ပါစည်းကမ်းများကို အများပြည်သူတို့ သိရှိလိုက်နာစေရန် ထုတ်ပြန်ကြေညာလိုက်သည်-

နေပြည်တော်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈၊ ပုဒ်မခွဲ(ဆ)(၉) နှင့် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)တို့အရ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပြေးဆွဲသည့်လျှပ်စစ်သုံးယာဉ်များကို ကြီးကြပ်စီမံခန့်ခွဲရန်စည်းကမ်းများ -

၁။ ဤစည်းကမ်းများတွင်-

(က) **ကော်မတီ** ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးဥပဒေအရဖွဲ့စည်းသော နေပြည်တော်စည်ပင်သာယာရေးကော်မတီကို ဆိုသည်။

(ခ) **နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်** ဆိုသည်မှာ နေပြည်တော်ကောင်စီ၏အတည်ပြုချက်ဖြင့် ကော်မတီက အမိန့်ကြော်ငြာစာထုတ်ပြန်၍ သတ်မှတ်ကြေညာထားသည့် နယ်နိမိတ်ကို ဆိုသည်။

(ဂ) **လျှပ်စစ်သုံးယာဉ်** ဆိုသည်မှာ ဘတ္ထရီ (သို့မဟုတ်) လျှပ်စစ်စွမ်းအင်ဖြင့် မောင်းနှင်သည့် ယာဉ်အမျိုးအစားများကိုဆိုသည်။ယင်းယာဉ်အမျိုးအစားများတွင် အောက်ပါယာဉ်များပါဝင်ပါသည်-

(၁) HEV (Hybrid Electric Vehicle)ဆိုသည်မှာ- လောင်စာဆီအသုံးပြုသည့် အင်ဂျင်နှင့် ဘတ္တရီပါဝါ အရင်းအမြစ်နှစ်မျိုးဖြင့် မောင်းနှင်သည့်ယာဉ်အမျိုးအစားဖြစ်သည်။ ဘတ္ထရီအတွက်လိုအပ်သည့် စွမ်းအင် ကို အင်ဂျင်မောင်းနှင်ရာမှ ထွက်ရှိလာသည့်ပါဝါဖြင့်ပြန်လည်၍ အားဖြည့်သွင်းခြင်းဖြစ်သည်။ ဘတ္ထရီအားဖြည့်သွင်းခြင်းကို အင်ဂျင်ကသာ ဆောင်ရွက်နိုင်ပြီး၊ ပြင်ပမှအခြားလျှပ်စစ်ခါတ်အား သွင်းနိုင်သည့် စနစ်တစ်ခုခုဖြင့် အားဖြည့်သွင်းခြင်း မဆောင်ရွက်နိုင်သော ယာဉ်အမျိုးအစားဖြစ်သည်။

(၂) PHEV (Plug in Hybrid Electric Vehicle) ဆိုသည်မှာ- လောင်စာဆီ အသုံးပြုသည့် အင်ဂျင်နှင့်ဘတ္ထရီပါဝါ အရင်းအမြစ် နှစ်မျိုးဖြင့် မောင်းနှင်သော HEVနှင့် အလုပ်လုပ်ပုံစနစ် တူညီသည့် ယာဉ်အမျိုးအစားဖြစ်သည်။ဘတ္ထရီအား ဖြည့်သွင်းခြင်းကို အင်ဂျင်ဖြင့်သာမက ပြင်ပမှအခြားလျှပ်စစ်ဓါတ်အားသွင်းစနစ် တစ်ခုခုဖြင့် ချိတ်ဆက်၍ အားဖြည့်သွင်းနိုင်သည့် စနစ်ထည့်သွင်းထားသော ယာဉ်အမျိုးအစား ဖြစ်သည်။

(၃) Battery Electric Vehicle(BEV)ဆိုသည်မှာ-ဘတ္တရီမှ လျှပ်စစ်စွမ်းအင်ကိုရယူ၍ ယာဉ်ကိုမောင်းနှင်သည့် ယာဉ်အမျိုးအစားဖြစ်ပါသည်။

(ဃ) **လမ်း**ဆိုသည်မှာ လမ်းမကြီး၊ ဖို့မြေလမ်း၊ လမ်းငယ်၊ လမ်းသွယ်၊ လမ်းမြောင်၊ လမ်းကြား၊ လူသွားစင်္ကြံနှင့်လမ်း၊ နောက်ဖေးလမ်း၊ ရေမြောင်း၊ ရေမြောင်းဖုံး၊ လမ်းတွင်စိုက်ထူထားသောပစ္စည်းများနှင့် လမ်းနှင့်ဆက်စပ်လျက်ရှိသော နယ်နိမိတ်တို့ ပါဝင်သည်။

(c) **ဘီးခွန်**ဆိုသည်မှာ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း နေပြည်တော်ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော မော်တော်ယာဉ်များအပေါ် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း မောင်းနှင်သွားလာခြင်းအတွက် ကော်မတီက ယာဉ်အမျိုးအစားအလိုက် သတ်မှတ်သည့်နှုန်းထားအရ ကောက်ခံသည့်အခွန်ကိုဆိုသည်။

၂။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲမည့်လမ်းကြောင်းများအား ဦးစားပေးအဆင့်အလိုက် သတ်မှတ်ပေးရမည်။

၃။ ကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲမည့်လမ်းကြောင်းများတွင် Bus stand များ ၊ Bus Terminal များအား ဦးစားပေးအဆင့်အလိုက် သတ်မှတ်ပေးရမည်။

အခွန်အခများသတ်မှတ်၍ ခွင့်ပြုခြင်း

၄။ လျှပ်စစ်သုံးယာဉ်အမျိုးအစားများတွင် အောက်ပါယာဉ်များ ပါဝင်သည်-

(က) **လူစီးယာဉ်** တွင်ခရီးသည် (၁၅)ဦးအထိ ဆလွန်း၊ စတေရှင်ဝက်ဂွန်၊ မိုက္ကရိုဘက်စ်၊ လိုက်ဗင်၊ ဂျစ်နှင့် Double Cab များပါဝင်သည်။

(ခ) **ခရီးသည်တင်ယာဉ်** တွင် ခရီးသည်(၁၅)ဦး အထက် မိနီဘတ်စ်နှင့် ရိုးရိုးဘတ်စ်ယာဉ်များပါဝင်သည်။

(ဂ) **ကုန်တင်ယာဉ် (ဝန်ပေါ့)** တွင် တင်ဆောင်နိုင်အား (၃)တန်နှင့် (၃)တန်အောက် ပစ်ကပ်၊ လိုက်ထရပ်၊ ဗင်န်၊ ထရပ်ယာဉ်များ နှင့် Single Cab ယာဉ်များပါဝင်သည်။

(ဃ) **အခြားယာဉ်များ** တွင် လူနာတင်ယာဉ်၊ မီးသတ်ယာဉ်၊ ကရိန်းယာဉ်၊ နိဗ္ဗာန်ယာဉ်၊ ဆီတင်ယာဉ် ၊ ရေတင်ယာဉ် ၊ ပိုက်လုံးတင်ယာဉ်၊ ဆယ်တင်ယာဉ် ၊ တွင်းတူးစက်ယာဉ်၊ မြေသယ်ယာဉ် နှင့်ကွန်ကရစ်ဖျော်စက်ယာဉ်များပါဝင်သည်။

(ငါ) **နှစ်ဘီးတပ်ယာဉ်** တွင် စက်တပ်စက်ဘီး၊ မိုပက်ဆိုင်ကယ်၊ စကူတာဆိုင်ကယ်နှင့် ရိုးရိုးနှစ်ဘီးတပ်ဆိုင်ကယ်၊ လျှပ်စစ်ဆိုင်ကယ်များ ပါဝင်သည်။

(စ) **သုံးဘီးတပ်ယာဉ်** တွင် သုံးဘီးတပ်မော်တော်ဆိုင်ကယ်၊ လျှပ်စစ်သုံးဘီးဆိုင်ကယ်နှင့် သုံးဘီးယာဉ်များ ပါဝင်သည်။

၅။ ကော်မတီသည် လျှပ်စစ်သုံးယာဉ်များအပေါ်တွင် ၂၀၂၃ ခုနှစ်မှစ၍ ၂၀၅၀ခုနှစ် အထိအား ၂၀၂၂ ခုနှစ် လျာထားမော်တော်ယာဉ်အရေအတွက်ပေါ်တွင် အောက်ပါအတိုင်း ခန့်မှန်းစီးရေရာခိုင်နှုန်း သတ်မှတ်၍ ဘီးခွန်ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်သည်-

(က) ၂၀၂၃ ခုနှစ် မှ ၂၀၂၅ ခုနှစ်ထိ - ၂၀၂၂ခုနှစ်ယာဉ်စီးရေ၏၁၀%

(ခ) ၂၀၂၆ ခုနှစ် မှ ၂၀၃၀ ခုနှစ်ထိ - ၂၀၂၂ခုနှစ်ယာဉ်စီးရေ၏၂၀%

(ဂ) ၂၀၃၁ ခုနှစ် မှ ၂၀၄၀ ခုနှစ်ထိ - ၂၀၂၂ခုနှစ်ယာဉ်စီးရေ၏၃၀%

(ဃ) ၂၀၄၁ ခုနှစ် မှ ၂၀၅၀ ခုနှစ်ထိ - ၂၀၂၂ခုနှစ်ယာဉ်စီးရေ၏၅၀%

၆။ အဆိုပါ သတ်မှတ်ကာလကျော်လွန်ပါက လျှပ်စစ်သုံးယာဉ်များမှ အောက်ပါသတ်မှတ်နှုန်းထားများအတိုင်း ဘီးခွန်ပေးဆောင်ရမည်-

စဉ်	ယာဉ်အမျိုးအစား	စီးပွားရေးသုံးမဟုတ်သည့်ယာဉ် (နံပါတ် အနက်/အဝါ)	စီးပွားရေးသုံးယာဉ် (နံပါတ် အနီ/အပြာ)
(က)	ဆိုင်ကယ်	၅၀၀၀/-	
(ခ)	သုံးဘီးဆိုင်ကယ်	၁၀၀၀၀/-	၁၀၀၀၀/-
(ဂ)	ထော်လာကျီ	၁၀၀၀၀/-	၁၀၀၀၀/-

(ဃ)	600 CC အောက်	၁၄၀၀၀/-	၂၁၀၀၀/-
(c)	600 CC မှ 1300 CC ထိ	၁၆၀၀၀/-	၂၄၀၀၀/-
(စ)	1301 CC မှ 2000 CC ထိ	၂၀၀၀၀/-	၃၀၀၀၀/-
(ဆ)	2001 CC မှ 4300 CC ထိ	၃၀၀၀၀/-	၄၅၀၀၀/-
(ဇ)	4301 CC မှ အထက်	၄၀၀၀၀/-	၆၀၀၀၀/-

၇။ အထက်အပိုဒ်(၆)ပါ သတ်မှတ်နှုန်းထားများနှင့် စပ်လျဉ်း၍ ကော်မတီက အခါအားလျော်စွာ သင့်လျော်သလို ပြင်ဆင်သတ်မှတ်နိုင်သည်။

တားမြစ်ချက်နှင့်အရေးယူခြင်း

၈။ မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲမည့်လမ်းကြောင်းများ၊ **Bus stand** များ ၊ **Bus Terminal** များအား သတ်မှတ်ဆောင်ရွက်ခြင်းမပြုရ။

၉။ မည်သူမျှ ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ နေပြည်တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း သတ်မှတ်ထားသည့် လျှပ်စစ်သုံးယာဉ်များ ပြေးဆွဲမည့်လမ်းကြောင်းများ ၊ **Bus stand** များ ၊ **Bus Terminal** နေရာများအားပြောင်းလဲသတ်မှတ်ခြင်းမပြုရ။

၁၀။ မည်သူမျှ လျှပ်စစ်သုံးယာဉ်တစ်မျိုးမျိုးကို ကော်မတီ မှ သတ်မှတ်ထားသည့် **Bus stand** များ၊ **Bus Terminal** နေရာများမှလွဲ၍ အခြားနေရာများတွင် ရပ်နားခြင်းမပြုရ။

၁၁။ မည်သူမဆို ဤစည်းကမ်းများပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်အား ဖောက်ဖျက်ကျူးလွန်လျှင် နေပြည်တော်စည်ပင်သာယာရေးဥပဒေနှင့် အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်အရ အရေးယူခြင်းခံရမည်။

၁၂။ ဤစည်းကမ်းများအပြင် ကော်မတီမှအခါအားလျော်စွာထုတ်ပြန်သော လုပ်ထုံးလုပ်နည်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာ ၊ အမိန့်နှင့်ညွှန်ကြားချက်များ လိုက်နာရန် တာဝန်ရှိသည်။

(ပုံ) တင်ဦးလွင်
မြို့တော်ဝန်
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

စာအမှတ်၊ ၄၁၄၄ /၂-၃/ နပတ(ကော်မတီ)
ရက်စွဲ ၊ ၂၀၂၃ ခုနှစ် ဇူလိုင် လ ၂၆ ရက်

ဖြန့်ဝေခြင်း
နေပြည်တော်ကောင်စီ
ဦးဆောင်ညွှန်ကြားရေးမှူး
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
(ပြန်ကြားရေးဝန်ကြီးဌာန)

မြန်မာနိုင်ငံပြန်တမ်းတွင်ထည့်သွင်းကြော်ငြာပေးပါရန်
မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်.

ခရိုင်အုပ်ချုပ်ရေးမှူး၊ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများ(ဥတ္တရာ၊ဒေယျာသီရိ၊လယ်ဝေး၊ပျဉ်းမနား)
မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးများအားလုံး၊ နေပြည်တော်ကောင်စီနယ်မြေ( )
ရပ်ကွက်အုပ်ချုပ်ရေးမှူးများအားလုံး၊ နေပြည်တော်ကောင်စီနယ်မြေ( )
ကြော်ငြာသင်ပုန်း
မိတ္တူကို
ဌာနများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ( )
မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးများအားလုံး( )
လက်ခံစာတွဲ
မျှောစာတွဲ

အမိန့်အရ

(မျိုးအောင်၊အမြဲတမ်းအတွင်းဝန်)